အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဥတ္တမသာရ
နယ်ခြားတောင်တန်း သာသနာပြု ဆရာတော်ကြီး၏

# ‘သတ သဟာ သသာရဟာ’ ဂါထာတော်မြတ်

တရားနာ ပရိတ်သတ် ပင့်ဖိတ်ပုံ။

“အို ... လောကစောင့်ကြပ် နတ်များအပေါင်းတို့၊ တရားနာ လာကြကုန်လော့ ... ”
“တောစောင့်နတ်၊ တောင်စောင့်နတ်အပေါင်း၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်အပေါင်း၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး နတ်အပေါင်းတို့ တရားနာ လာကြကုန်လော့ ...”
“မြေစောင့်နတ်၊ ရေစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ ဝဿဟာကနတ်၊ ပဇ္ဇုန်နတ်၊ စတုလောကပါလနတ်၊ သိကြား၊ ပြဟ္မာ၊ အသုရာ၊ ယမာ ... အစရှိသော နတ်ပြဟ္မာ အပေါင်းတို့ တရားနာ လာကြကုန်လော့ ...”
“နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ ... အစရှိသော ဥပသကာ အပေါင်းတို့ တရားနာ လာကြ ကုန်လော့ ...”
“ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ ... အစရှိသော သူတော်ကောင်း အပေါင်းတို့ တရားနာ လာကြ ကုန်လော့ ...”
“အို ... လူအပေါင်း၊ နတ်အပေါင်း၊ အပါယ်လေးပါး၊ သတ္တဝါ အပေါင်းတို့ တရားနာရန် ဖိတ်ခေါ်ပါကုန်၏”
“အကျွန်ုပ်သည် ဝေနေယျများစွာ သတ္တဝါတို့၏ ချမ်းသာမှုကိုရှေးရှု၍ ကောင်းမြတ်သော စိတ်စေတနာဖြင့်၊ ကဿပ မြတ်စွာ ဘုရားရှင်သည် ဟောကြားတော် မူခဲ့သည့် တဂါထာလျှင် အဖိုးတစ်သိန်း ထိုက်တန်သည့် အလွန်တရာ ကြားရ နာရ ခဲလှ စွာသော ‘သတ သဟာ သသာရဟာ’ ဂါထာကို ရွတ်ဖတ် သရဇ္ဈာယ် ပါကုန်အံ့၊ ကောင်းမွန်ရိုသေစွာ နာကြား ကြကုန်လော့ ...”

၁။ သကိ ဒေဝ မဟာရာဇ၊
သဗ္ဘိ ဟောတိ သမာဂမော။
သာ နံ ပါလေတိ သင်္ဂတိ၊
နာသဗ္ဘိ ဗဟု သင်္ဂမော။

၂။ သဗ္ဘိ ရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊
သေယျော ဟောတိ န ပါပိယော။

၃။ ဇိရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရံ ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

၄။ နဘဉ္စ ဒူရေ ပထဝီ စ ဒူရေ၊
ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။ ။

မေတ္တာပို့ အမျှပေးဝေပုံ၊

“ဤသုတ္တံ ဒေသနာတော် ရွတ်ဖတ်ရသော ကုသိုလ်ကောင်းမှု၏ အဖို့ပါကကို ...”

“တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး၊ မြေစောင့်နတ်၊ ရေစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ ဝဿဝလာဟကနတ်၊ ပဇ္ဇုန်နတ်၊ စတုလောကပါလနတ်၊ သိကြား၊ ဗြဟ္မာ၊ အသုရာ၊ ယမာ၊ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ မှအစပြု၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျများစွာ သတ္တဝါအနန္တ တို့အား၊ သတ္တဝါအားလုံးတို့အား၊ အမျှ ... အမျှ ... အမျှ ... ပေးဝေပါကုန်၏ အမျှ ယူတော်မူကြပါ၊ အားလုံးကို အမျှရ၍ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ကြပါစေ ကုန်သော် ...”

“သာဓု ... သာဓု ... သာဓု ... ပါဘုရား ။ ”